Washington State
Health Care Authority

## ခွဲခြားဆက်ဆံမှုသည် ဥပဒေကိုဆန့်ကျင်ပါသည် (Discrimination is Against the Law)

ဝါရှင်တန်ပြည်နယ် ကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင် (Washington State Health Care Authority)မှာ ဗဟိုအစိုးရ နှင့် သက်ဆိုင်သော အများပြည်သူရပိုင်ခွင့်ဥပဒေများနှင့် လက်တွေ့အကျုံးဝင်သည် သာမက လူမျိုး၊ အသားရောင်၊ မွေးဖွားသည့်နိုင်ငံ၊ အသက်၊ မသန်စွမ်းဖြစ်မှု၊ သို့မဟုတ် လိင်နှင့်ပတ်သက်၍လည်း ခွဲခြားဆက်ဆံမှုအလျဉ်းမရှိပါ။ လူမျိုး၊ အသားရောင်၊ မွေးဖွားသည့် နိုင်ငံ၊ အသက်၊ မသန်စွမ်းဖြစ်မှု သို့မဟုတ် လိင် စသည်တို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင် (Health Care Authority)မှာ လူများအား ချန်လှပ်ထားခြင်း မပြု သို့မဟုတ် သီးခြား ခွဲခြားဆက်ဆံမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင် (Health Care Authority)သည် ပြည်နယ်ဥပဒေများနှင့် လက်တွေ့အကျုံးဝင်သည် သာမက ဘာသာအယူဝါဒ၊ ကျားမလိင်၊ လိင်ပိုင်းဆိုင်ရာထုတ်ဖော်မှု သို့မဟုတ် ခွဲခြားမှု၊ လိင်ပိုင်းဆိုင်ရာဆွဲဆောင်မှု၊ အိမ်ထောင်ရှိ၊ မရှိအခြေအနေ၊ ကိုးကွယ်သည့်ဘာသာ၊ ဂုဏ်ပြုဘွဲ့အပ်နှင်းခံထားရသည့် စစ်မှုထမ်းဟောင်း သို့မဟုတ် စစ်မှုထမ်းမှုအခြေအနေ သို့မဟုတ် မသန်စွမ်းသူအား ဝန်ဆောင်မှုပေးသည့် တိရစ္ဆာန် သို့မဟုတ် သင်တန်းပေးထားသည့်ခွေးများ လမ်းညွှန်မှုအား အသုံးပြုမှုပေါ်အခြေခံပြီး ခွဲခြားဆက်ဆံမှု လုံးဝမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင်(Health Care Authority)-

- မသန်စွမ်းသူ များ အနေဖြင့် ကျွန်ုပ်တို့နှင့် ထိထိရောက်ရောက် ဆက်သွယ် ဆောင်ရွက်နိုင်စေရန် အခမဲ့ အကူအညီများ နှင့် ဝန်ဆောင်မှုများအား စီစဉ်ဆောင်ရွက်ပေးပါသည်၊ ဥပမာ အားဖြင့် -
    - လက်ဟန်ခြေဟန်ပြ အမှုအရာ ဘာသာစကား အဆင့်မြင့် စကားပြန်များ
    - အချက်အလက်များအား အခြားပုံစံဖြင့် ရေးချပြခြင်း (ကားချပ်ကြီးများဖြင့် ပုံနှိပ်ခြင်း၊ အသံပိုင်း၊ ကိုယ်တိုင် လုပ်ဆောင်နိုင်သည့် အီလက်ထရွန်နစ် စနစ်များ အပြင် အခြား ပုံစံ အမျိုးမျိုးဖြင့် စီစဉ်ထားပါသည်)
- မိခင်ဘာသာစကား မှာ အင်္ဂလိပ် မဟုတ်သောသူများအတွက် ဘာသာစကားဝန်ဆောင်မှုအခမဲ့အစီအစဉ်ကိုလည်း ဆောင်ရွက်ပေးပါသည် ဥပမာအားဖြင့် -
    - အဆင့်မြင့် စကားပြန်များ
    - အချက်အလက်များအား အခြား ဘာသာစကားဖြင့် ရေးချပြခြင်း

သင်သည် အဆိုပါဝန်ဆောင်မှုများကိုလိုအပ်ပါက၊ 1-855-682-0787 ကိုဆက်သွယ်ပါ။

ယင်း ဖော်ပြပါဝန်ဆောင်မှုများအား မစီစဉ်ပေးဘဲ အခြားသောနည်းလမ်းတစ်စုံတစ်ခုဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင် (Health Care Authority)မှ ခွဲခြားဆက်ဆံနေသည်ဟု သင် ယုံကြည်မိပါက နစ်နာချက်ကို အောက်ပါလိပ်စာနှင့်အတူ သင် ဖိုင်တွဲ၍ ဖော်ပြနိုင်သည် -

Health Care Authority Division of Legal Services
ATTN: Compliance Officer

PO Box 42704
Olympia. WA 98504-2704
1-855-682-0787
Fax: 1-360-507-9234
**Compliance@hca.wa.gov**

သင့် နစ်နာချက်အား စာတိုက်မှစာပို့ခြင်းဖြင့် လည်းကောင်း၊ ဖက်စ် ဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့် လည်းကောင်း သင်သည် ဖိုင်တွဲ ပေးပို့နိုင်သည်။ နစ်နာချက် တင်ပြခြင်း နှင့် ပတ်သက်၍ သင် အကူအညီ လိုအပ်ပါက၊ တရားရေးရာဝန်ဆောင်မှုများ၏ ကျန်းမာရေးစောင့်ရှောက်မှု အာဏာပိုင်ဌာနခွဲ (Health Care Authority Division of Legal Services) အနေဖြင့် သင့်အား ကူညီရန် အဆင်သင့် ရှိပါသည်။

အများပြည်သူ ရပိုင်ခွင့်များ အတွက် တိုင်ကြားချက်ကို ဖိုင်တွဲပြီး U.S. Department of Health and Human Services (အမေရိကန် ပြည်ထောင်စု ကျန်းမာရေး နှင့် လူသားအကျိုးပြု ဝန်ဆောင်မှု ဌာန)၊ Office for Civil Rights (အများပြည်သူ ရပိုင်ခွင့်များ ဆိုင်ရာ ရုံး) ဆီသို့ **https://ocrportal.hhs.gov/ocr/portal/lobby.jsf** တွင် အီလက်ထရွန်နစ် စနစ် မှတဆင့် သင် တင်ပြ တိုင်ကြားနိုင်ပါသည်၊ သို့မဟုတ် အီးမေးလ် ဖြင့်လည်းကောင်း၊ ဖုန်း ဖြင့်လည်းကောင်း တိုင်ကြားနိုင်သည့် လိပ်စာ မှာ -

U.S. Department of Health and Human Services
200 Independence Avenue SW
Room 509F, HHH Building
Washington, D.C. 20201
1-800-368-1019, 800-537-7697 (TDD).

တိုင်ကြားချက် လျှောက်လွှာများကို **www.hhs.gov/ocr/office/file/index.html** တွင် ဝင်ရောက် ယူနိုင်ပါသည်။